# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ငါ၏ လူများတို့ ငါ့ တရားကို နားကြလော့ ။
ငါ မြွက်သော စကား ကို နားထောင်ကြလော့ ။
ဆာလံကျမ်း – ၇၈ : ၁

အမှတ်စဉ် (၆၀) | ဩဂုတ်လ | ၂၀၀၆ ခုနှစ် | စမွှဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## အိပ်မက်မှုန်းထခြင်း

အင်း – အား – မှောင်မည်းနေတာဘဲ၊ အိုး လွှတ်ပါ၊ ကျွန်မကို လွှတ်ပေးပါ။ အသက်ရှူလို့လဲ မရတော့ဘူး။ တစ်ကိုယ်လုံးလဲ လှုပ်လို့ မရတော့ဘူး။ ကျွန်မကို လွှတ်ပေးပါ တော့။

ရှန်းရင်း ကန်ရင်းနဲ့ ခေါင်းလေး တစ်ချက်အလှည့် ... "အလင်းရောင်လေး တစ်စက်" အိုသခင်၊ သခင်ယေရှု ကျွန်မကို ကယ်ပါ။ အင်း – အား – ဟူး ၊ အခုမှဘဲ အသက်ရှူလို့ ရတော့တယ်။ အရမ်းကို ကျေးဇူးတင်တယ်၊ အလင်းရောင်လေး သခင်ရယ်။

ညတစ်ညရဲ့ အိပ်မက် အမှောင်မှ ကယ်တင်ခဲ့သူ အလင်းရောင်လေး သခင်ယေရှု၊ သူသာ မကယ်တင်ခဲ့ရင်ဖြင့် – –

* စင်ကာပူ ရောက်တာ (– –) နှစ် ရှိပြီ၊ ပိုက်ဆံလဲ မစုမိ သေးဘူး။
* ဩော် – ဘယ်တော့များမှ မိသားစုတွေနဲ့ အတူတူ ပြန်နေနိုင်ပါ့မလဲ။
* အင်း – ကျန်းမာရေးလဲ သိပ်မကောင်းတော့ဘူး၊ ( – – ) နှစ်ပြည့်ရင် အပြီးပြန်ရင် ကောင်းမလား ။
* ပြန်တာကတော့ ဟုတ်ပါပြီတဲ့၊ ဟိုပြန်ရောက်ရင် ဘာအလုပ် လုပ်ရမလဲ။ အဆင်ပြေနိုင်ပါ့မလား။
* တခြားနိုင်ငံကို သွားရင် ကောင်းမလား။
* ... လား ။
* ... လား ။

"လား"ပေါင်း များစွာနဲ့ မျှော်လင့်ချက်မဲ့။ အမှောင်လွှမ်းတဲ့ အတွေးတွေနဲ့၊ လောကရဲ့ အိပ်မက် အမှောင်မှာ လှုပ်လို့မရအောင် နစ်မွန်းရင်းနဲ့ အလင်းရှင်ကို မေ့လျော့တော့ မလိုဖြစ် ... ... ... အဲဒီအချိန်မှာ ကျမ်းစာအုပ်ကို ဖွင့်ဖတ်မိတော့ –

**ထာဝရဘုရားသည် ငါ၏ အလင်း၊ ငါ့ကိုကယ်တင်သောအရှင် ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်လန့် ရအံ့နည်း။ ဆာလံ ၂၇း၁** ဆိုတဲ့ ဆာလံ ဆရာရဲ့ ကြွေးကြော်ချက် ...

လောကရဲ့ အိပ်မက်အမှောင်မှ လှုပ်နှိုးခဲ့
ရင်မှာ လှိုက်လှဲ့ချီးမွမ်းမိပေါ့၊ သီချင်းလေး ဟစ်ရင်းနဲ့
ချီးမွမ်းနေမည် ကိုယ်တော်သာ အလင်းရှင်
အလင်းပေးပိုင်ရှင် သူသာလျှင် အလင်းရှင်
လောက မြေတခွင် အမှောင်ထုရဲ့ အလင်းရှင် ။

( D )

oooooooooooooooooooooooooooooooooooooooo

## အဖြည့်ခံဖေဖေထံသို့

ဖေဖေ – သားနဲ့ သမီး တင့်တယ်ဖို့ အရေး ၊
ခရောင်းလမ်းကို လျှောက်ခဲ့သူ
နွေမိုးဆောင်း သုံးပါးရာသီ ၊ အပြီး မပျက် လျှောက်ခဲ့သူ
ဟင်းရွက် အစ ၊ ကြက်ဘဲအစုံ သားနဲ့ သမီး ဝမ်းရေးအတွက်
ဆင်းရဲ ပင်ပန်းစွာ ဖြည့်ဆည်းပေးခဲ့သူ ။
ယာယီတဲလေး တင့်တယ်ဖို့အရေး ၊
ကိုယ်ကျိုးစွန့်ကာ ထမ်းရွက်ခဲ့သူ
လောကဓံကို ကြံ့ကြံ့ခံကာ ခေါင်းမော့ ရင်ဆိုင်ခဲ့သူ
ခွန်အားယူဖို့ မိုင်လို (**Milo**) နတ္တိ ၊ ခနိရည်နဲ့ နစ်ပါးသွားခဲ့သူ
သား နဲ့ သမီး ညှိုးငယ် ဝမ်းနည်း ၊ မကြည့်ရက် လေသူမို့
အပြုံး တစ်စက်ကို သွေး တစ်စက် နဲ့ လဲခဲ့သူ



တစ်ခါတစ်ရံ ဒေါသ ပေါက်ကွဲ
ငယ်ထိပ် ရောက်တော့
လူဆိုးဘွဲ့ကို ခံယူခဲ့တဲ့သူ
သားနဲ့ သမီး လမ်းမှား
မရောက်အောင်
အချစ်ကြီးပြီး အမျက်ကြီးတော့ ၊
အမုန်းများစွာ ခံယူခဲ့တဲ့သူ
ဒဏ်ရာတွေကို တိတ်တိတ်ကလေး ဖြေသိမ့်ခဲ့တဲ့သူ
ဝေဒနာ တစ်ချို့ကို ပိုက် ၊ တစ်ချို့ကို မြိုသိပ်ခဲ့တဲ့သူ
အားလုံးထက် အနွေးထွေးဆုံး ဖေဖေ ။ ။
( အဖေ့ အတွက် အမှတ်တရ )

**နောင်တာဆူး**

oooooooooooooooooooooooooooooooooooooooooooooooooo



## စည်းပြင်ရောက်သိုးငယ်

တစ်မြေနယ်ခြား ရောက် ၊ ရေမြေ အနေအထား ပြောင်း
တိုးတက်တဲ့ ခေတ်အမြင်တွေနဲ့
ငါမှ ငါ ပါလားလို့ တရားဝင် ဟစ်ကြွေး ၊
သခင့် ရင် ခြေစုံကန်လို့ စိတ် အလေလိုက်ခဲ့ သိုးငယ် ။
စိတ်ရဲ့ လွန်ဆွဲပွဲမှာ စာတန်ကို တစ်ဘက်သတ် အနိုင်ပေး
**I did it my way** ဆိုပြီး
မကောင်းမှုတွေနဲ့ ပျော်နေခဲ့ သိုးငယ် ။
သိုးငယ်ဟာ ဆုတောင်းဖို့ သတိမရတော့ဘူး ။
**Sunday** မှာ ဘုရားကျောင်း မသွားတော့ဘူး ။
ကျမ်းစာကို ခပ်ကြမ်းကြမ်း ဆွဲလှန်ပြီး
ဖတ်ခဲ့တာလဲ အိပ်ဆေး အတွက်ပါဘဲ ။
သိုးငယ်ရဲ့ လျှာဟာ မုသားပြောဖို့ဆို ခါးထောက်စရာ မလိုပေမဲ့
သခင့်ကို ချီးမွမ်းဖို့အတွက်တော့ ဦးဏှောက်က ကျပ် မပြည့်ခဲ့ဘူး။
အတော်ဆုံး အတတ်ဆုံးလို့ ကိုယ့်ကိုယ်ကို ထင်ခဲ့ပေမဲ့ ...
သိုးငယ်ဟာ သခင့်ရှေ့မှာ ဆွံ့အ နားမကြားသူ၊ လူလိမ်လူညာ၊ တစ်ကိုယ်ကောင်း
ဆန်သူ၊ ကာမဂုဏ် လိုက်စားသူ၊ လူသတ်သမား၊ သူခိုး ခါးပြတွေထက်
ယုတ်ညံ့လွန်းတဲ့ အပေါစား ဒုက္ခိတ တစ် ယောက် ဖြစ်နေခဲ့တာပါ။
သခင့်ရဲ့ မျက်ရည်စက်တွေ သိုးငယ်ရဲ့ ရင်ကို လာမှန်တဲ့နေ့ ၊
တပ်မက်ခြင်းတွေကနေ ရှန်းထွက်နိုင်ခဲ့တဲ့နေ့ ၊
အဲဒီနေ့မှာ စာတန်ရဲ့ တစ်သက်တစ်ကျွန်း အကျဉ်းစခန်းထဲက
သိုးငယ် လွတ်မြောက်ခွင့် ရခဲ့တယ် ။
သခင့်ရှေ့မှာ ဒူးထောက်ရင်း "အပြစ်သား သိုးငယ်ကို ခွင့်လွှတ် ပေး ပါလို့"
တောင်းလျှောက်တော့ သခင်က ...
"စည်းဝိုင်း ပြင်က သိုး လည်း ကိုယ်တော့် သိုး ပါဘဲတဲ့" ။ ။
စည်းပြင်ရောက် ... **Excellent ( Feb)**

oooooooooooooooooooooooooooooooooooooooooooooooooo

(မင်းအောင်သက်လွင်)

အင်းစိန်မြို့ ပေါ်မှာ အဖွားက အမေ့ကို အမွေပေးတဲ့ သဘောမျိုးနဲ့ ဝယ်ပေးထားတဲ့ ခြံတစ်ခြံ ရှိပါတယ်။ ခြံအလယ်မှာ ခြေတံရှည်အိမ် ဆောက်ထားတဲ့အတွက် အိမ်ရဲ့ ပတ်ပတ်လည်မှာ မြေလွတ်တွေ ရှိနေခဲ့ပါတယ်။ အမေဟာ တောသူတောင်သား ဖြစ်တဲ့အပြင် မိဘဆွေမျိုးတွေကလဲ ရာဘာခြံနဲ့ တောင်ယာလုပ်တဲ့အတွက် ခြံထဲမှာ မြေကွက်လပ် မရှိအောင် သစ်ပင်မျိုးစုံ စိုက်ထားပါတယ်။ အမေ စိုက်ထားသမျှ သစ်ပင်တွေ အားလုံးကို အမေနဲ့အတူတူ ရေလောင်း ပေါင်းသင်ဖို့

တာဝန်ကျတဲ့ သူကတော့ သားကြီး ဖြစ်တဲ့ ကျွန်တော်ပါ။ အမေ့ သစ်ပင်တွေထဲမှာ ကျွန်တော် နှစ်သက်တဲ့ အပင်တစ်ပင် ကတော့ ငှက်ပျောပင် ပါဘဲ။

ငှက်ပျောပင် တစ်ပင်လုံး လွှင့်ပစ်စရာ မလိုအောင် အသုံး တည့်တဲ့အပြင် စားရတာ အရသာရှိတဲ့ ငှက်ပျောသီးကြောင့် ငှက်ပျောပင်နဲ့ ငှက်ပျောသီးကို ကျွန်တော် စိတ်ဝင်စား ရခြင်းဘဲ ဖြစ်ပါတယ်။

စားဖူးသမျှ ငှက်ပျောသီးတွေရဲ့ နာမည်ကို မှတ်မိသလောက် ရေးပြရရင် ဖီးကြမ်း၊ သီးမွှေး၊ ဝက်မလွှတ်၊ ထိကြွေ၊ ရွှေငှက်ပျော၊ တွေဖြစ်ပါတယ်။ ငှက်ပျောကြော်ကိုလဲ ကျွန်တော် အလွန်နှစ်သက်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော် စင်ကာပူရောက်လာတဲ့ အချိန်မှာ "ကျွန်တော် နဲ့ ငှက်ပျောသီး" ဇာတ်လမ်းလေး စတင်ခဲ့ပါတော့တယ်။

စင်ကာပူနိုင်ငံ ဘုကစ်တီးမားမြို့ **( Bukit timah town)** ဖြူးတီးဝေါ စင်တာ **( Beauty world center)** နားမှာ ကျွန်တော်တို့ အိမ်ငှားပြီး နေတုန်းကပေါ့။ အချိန်ကတော့ ၁၉၉၈ ခုနှစ် နှစ်ဆန်းပိုင်း လောက်မှာပါ။ အလုပ် စောဆင်းတဲ့ တစ်ညနေမှာ ကျွန်တော်ဟာ အဆာပြေစားဖို့အတွက် ကျွန်တော်တို့နေတဲ့ တိုက်ခန်းအောက်မှာ ဖွင့်ထားတဲ့ ယိုးဒယားမ ပိုင်တဲ့ ကုန်စုံဆိုင်လေးမှာ ဈေးဝယ်ခဲ့ပါတယ်။ သစ်သီးဝလံတွေထဲက ကျွန်တော်နဲ့ ရင်းနှီးပြီးသား ( မြန်မာပြည်မှာ ကတည်းက စားနေကျ) ငှက်ပျောသီးတွေကို တွေ့လိုက်ရလို့ အရမ်းပျော် သွားပါတယ်။ အစိုးရပိုင် ကုန်စုံဆိုင်တွေထက် စာရင် ဈေးသက်သာတဲ့ ယိုးဒယားမ ဆိုင်မှာ ငှက်ပျောသီးတစ်ဖီး ကျွန်တော် ဝယ်လိုက်ပါတယ်။ အလုံးခပ်သေးသေး ဝက်မလွှတ် ငှက်ပျောလိုမျိုး တစ်ဖီးကို စင်ကာပူငွေ တစ်ဒေါ်လာနဲ့ ၂၀ ဆင့် ဘဲ ကျတာမို့ ဈေးပေါတယ် ထင်ပြီး ဝယ်လိုက်ပါတယ်။ အဲဒီတုံးက စင်ကာပူ တစ်ဒေါ်လာကို မြန်မာငွေ ပေါက်ဈေး ၁၀၀ကျပ် ကျော်ဘဲ ရှိပါသေးတယ်။

ကျသင့်ငွေကို အလုံးအရေအတွက် နဲ့ စား ၊ ရလဒ်ကို ကာလပေါက်ဈေး ၁၀၀ကျပ်နဲ့ မြှောက်ပြီး စိတ်တွက်နဲ့ ငှက်ပျောသီး ကို တွက်ပြီး ကျွန်တော် အိမ်ပေါ် ပြန်တက်ခဲ့ပါတယ်။ ထမင်းစားပြီးရင် စားဖို့ ရေခဲ သေတ္တာထဲ ထည့်ထားလိုက်ပါတယ်။

ထမင်းစားပြီးတဲ့နောက်မှာ တီဗွီ ကြည့်ရင်း ဝယ်ထားတဲ့ ငှက်ပျောသီးကို ယူစား လိုက်ပါတယ်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးမြောက် စားအပြီးမှာ ကျွန်တော့်ရဲ့ လျှာတွေ ယားကျိကျိ ဖြစ်လာပါတယ်။ ဒါနဲ့ ရေချိုးခန်းထဲဝင်၊ သွားပွတ်တံမှာ သွားတိုက်ဆေး များများထဲ့ပြီး သွားတိုက်လိုက်ပါတယ်။ မသက်သာတာနဲ့ ဆားကို ရေနွေးနဲ့ဖျော်ပြီး အာလုပ် ကျင်းလိုက်ပါတယ်။ ဒါလဲ မသက်သာတဲ့အပြင် အာခေါင် တစ်ခုလုံး ယားယံလာပါတယ်။ အချိန်က ည ၁၁နာရီ ကျော်ပြီမို့ အပေါ်ထပ် အိပ်ခန်း ထဲက အခန်းဖော် သူငယ်ချင်းတွေ အားလုံးနီးပါး အိပ်ပျော်နေကြပါတယ်။ ကျွန်တော်လဲ ဘယ်သူ့ကိုမှ မပြောတော့ဘဲ အိပ်ယာပေါ် လှဲအိပ်လိုက်ပါတယ်။ မကြာခင်မှာ ကျွန်တော့်ရဲ့ လည်ပင်း၊ ပါးနှစ်ဘက်၊ နားရွက်နဲ့ မျက်နှာတစ်ခုလုံး နီမြန်းလာပြီး မခံနိုင် အောင် ယားလာပါတယ်။ အသက်ရှူလဲ ကျပ်သွားသလို ချောင်းလဲ တဟွတ်ဟွတ် ဆိုးလာပါတယ်။

ကိုယ့်ကိုယ်ကို သေတော့မယ် ထင်မိလို့ အိပ်ယာက ကမန်းကတန်း ထပြီး အောက်ထပ်ကို ပြေးဆင်း လာခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် အောက်ထပ် မှာ တီဗွီကြည့်နေတဲ့ အခြား အခန်းဖော် သူငယ်ချင်း သုံးယောက်ကို တွေ့လိုက်ရပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော့် တစ်ကိုယ်လုံး နီရဲ နေတဲ့ အဖုအပိန့်တွေ ထွက်နေပါတယ်။ တစ်ကိုယ်လုံးလဲ မခံမရပ် နိုင်အောင် ယားနေတာမို့ ကျွန်တော် ကုတ်လေ၊ အဖုအပိန့် တွေက ပိုထွက်လာလေလေ ပါဘဲ။ သူငယ်ချင်းတစ်ယောက်က သူ့ဆီမှာ ရှိတဲ့ ဘာမီတွန် ( ဘီပီအိုင်) ၃လုံး တိုက်ပါတယ်။ တစ်ယောက်က ဆေးရုံကား ခေါ်ပြီး ဆေးရုံ သွားဖို့ အကြံပေးပါတယ်။ ဆေးရုံတက်ရမှာ သေမလောက်ကြောက်တဲ့ ကျွန်တော်က အကြောက်အကန် ငြင်းပြီး ဘာမီတွန် သောက်ပြီးလို့ နာရီဝက်အတွင်း မသက်သာရင် (သို့) ပိုဆိုးလာရင် ဆေးရုံသွားမယ်လို့ ပြောပြီး အိပ်လိုက်ပါတယ်။ စိတ်ထဲမှာလဲ ဘုရားသခင် ကယ်မ သနားပါ၊ ကျွန်တော် မသေချင်သေးပါဘူးလို့ ဆုတောင်းမိတာ အကြိမ်ကြိမ်ပါဘဲ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါဘဲ။ တစ်ညလုံး ကောင်းမွန်စွာနဲ့ အိပ်ပျော်ခွင့်ရပြီး မနက်မိုးလင်းလာတဲ့အခါမှာ ညက ဘာမှ မဖြစ်ခဲ့သလို လူကောင်း ပကတိပါဘဲ။ လုံးဝ မယား တော့သလို အဖုအပိန့်တွေလဲ လုံးဝပျောက်သွားပါတယ်။



နောက် ၆လ လောက်ကြာတော့ ကျွန်တော် စင်ကာပူမှာ လုပ်သက် ၂ နှစ် ပြည့်ပြီးလို့ စာချုပ်အသစ် ထပ်ချုပ်ပြီး ရန်ကုန်ကို ၁လ ခွင့်နဲ့ အလည်အပတ် ပြန်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ် မေလ ထဲမှာပါ။ နိုင်ငံခြားပြန် ကျွန်တော့်ကို အိမ်က မိသားစု ဆွေမျိုးသားချင်း မိတ်ဆွေ သူငယ်ချင်းတွေ လာကြိုကြပါတယ်။ မြန်မာပြည်မှာ နေခဲ့တုံး က ကျွန်တော် ဘောင်းဘီရှည် ဝတ်တာ မတွေ့ဖူးတဲ့ မိတ်ဆွေတွေက ဂျင်းဘောင်းဘီရှည် အဖြူရောင်နဲ့ စတိုင်ကျကျ ဝတ်စားထားတဲ့ ကျွန်တော့်ကို ဝိုင်းအုံကြည့်ပြီး သဘောကျ နေကြပါတယ်။ ကျွန်တော်ကလဲ သူတို့ရှေ့မှာ အိုက်တင် ခံလိုက်၊ ပဲများ ပြလိုက်၊ ဟိုဟာ မေးလိုက် ဒီဟာ မေးလိုက်၊ နှုတ်ဆက်စကား ပြောလိုက်နဲ့ အလုပ်ရှုပ် နေပါတယ်။

အမေ့ရဲ့ အစ်မဖြစ်တဲ့ ကြီးကြီးကလဲ သူ့ခြံက သီးတဲ့ ဖီးကြမ်း ငှက်ပျောသီး တစ်ဖီးကို လက်ဆောင် လာပေးပါတယ်။ စင်ကာပူက ကျွန်တော်ယူလာတဲ့ လက်ဆောင်နဲ့ ခြံထဲက သူတို့ ယူလာတဲ့ လက်ဆောင် လဲလှယ်ကြပါတယ်။ လူတော်တော် ရှင်းသွား တော့မှ ကျွန်တော်လဲ စိတ်မောလူမောနဲ့ ရေတစ်ခွက် ခပ်သောက်ပြီး ကြီးကြီး လက်ဆောင်လာပေးသွားတဲ့ ငှက်ပျောသီးတစ်လုံးကို ဖြုတ်စား လိုက်ပါတယ်။ ပထမ တစ်ကိုက် ကိုက်ပြီးလို့ မြို မချသေးခင်မှာဘဲ ကျွန်တော့် လျှာတစ်ခုလုံး ထုံပူ သွားပါတယ်။ လွန်ခဲ့တဲ့ ၆လ လောက်က စင်ကာပူမှာ ဖြစ်ခဲ့တဲ့ အဖြစ်ကို ချက်ချင်း သတိရလိုက်မိလို့ ပါးစပ်ထဲက ငှက်ပျောသီးကို ကမန်းကတန်း ထွေးထုတ်လိုက်ပါတယ်။

အမေက "ဟဲ့ မင်း ကြီးကြီးက မင်းကို စားစေချင်လို့ သူ့ခြံထဲက ထွက်တဲ့ ငှက်ပျောသီးကို တကူးတက သယ်လာပေးတာ မင်းက မစားဘဲ ဘာဖြစ်လို့ ထွေးထုတ်လိုက်ရတာလဲ၊ ရိုင်းလှချည်လား"လို့ အော်ပြောပါတယ်။ မိသားစု အားလုံးနဲ့ ညီ့သည်တွေ ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတယ်။ ကြီးကြီးကလဲ သူ့ငှက်ပျောသီးကို ကျွန်တော်က မစားဘဲ ထွေးထုတ်လိုက်လို့ စိတ်မကောင်းဖြစ်ပြီး မျက်နှာ ပျက်သွားပါတယ်။ ကျွန်တော် အားလုံးကို လက်ကာ ပြလိုက်ပြီး စင်ကာပူမှာ ငှက်ပျောသီးစားပြီး ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို အတိုချုံး ပြောပြလိုက်ပါတယ်။ အခုလဲ ကျွန်တော့် လျှာတွေ ယား လာပြီ၊ ဘာမီတွန် တိုက်ပါ၊ နာရီဝက်အတွင်း အခြေအနေ ပိုဆိုးလာရင် ဆေးရုံ တင်ပါလို့ သေတမ်းစာတွေ မှာပြီး ကုတင်ပေါ် လှဲအိပ်လိုက်ပါတယ်။

ကျွန်တော် ထင်ထားတဲ့ အတိုင်းပါဘဲ၊ ၁၀ မိနစ်အတွင်းမှာ ကျွန်တော်ဟာ မြွေဆိပ်တက်သလို တစ်ကိုယ်လုံး အဖုအပိန့်တွေထွက်၊ ယားယံပြီး အသက်ရှူကျပ် လာပါတော့တယ်။ ကျွန်တော် မှာထားတဲ့အတိုင်း အမေနဲ့ အစ်မငယ်ဟာ ကျွန်တော့်ကို ဘာမီတွန် တိုက်ပြီး အခြေအနေ စောင့်ကြည့်နေကြပါတယ်။ အမေက သူ့ရဲ့ သွေးပေါင်ချိန်စက်နဲ့ သွေးပေါင် တိုင်းကြည့်လိုက်တဲ့အချိန်မှာ သွေးပေါင်ဟာ လူသေတစ်ယောက်လို ကျနေတာ တွေ့လိုက်ရတဲ့ အတွက် အမေက အသံတုန်တုန်ရင်ရင်နဲ့ "သား မင်း အခြေအနေ တော်တော် ဆိုးနေပြီ ဆေးရုံသွားရအောင်" လို့ပြောပါတယ်။

ကျွန်တော်ဟာ မျက်စိ စုံမှိတ်၊ အံကြိတ်ပြီး ခေါင်းကို တွင်တွင်ခါ ငြင်းဆန်ရင်း "ဘုရားသခင် ကယ်ပါ" လို့ အကြိမ်ကြိမ် ရေရွတ် နေမိပါတယ်။

**" စီတစ်ခါတော့ ငါတကယ် သေပြီ "လို့လဲ စိတ်ထဲ မှာ ထင်မိသလို ကိုယ့်ရင် ကိုယ့်မြေ ကိုယ့်မိသားစုနဲ့ အမေ့ ရင်ခွင် ထဲမှာ သေရမှာမို့ မဆီမဆိုင် ကျေနပ်သလိုလို ခံစားမိ ဖြစ်ပါသေးတယ်။**

တစ်ဘက်ကလဲ စိတ်ထဲမှာ ငါ့ မိသားစုအတွက်၊ ငါ့ဘဝ အတွက်၊ ဘုရားသခင် အတွက် လုပ်စရာ အလုပ်တွေ အများကြီး ရှိသေးတယ်။ ငါ မသေရသေးဘူး လို့လဲ ကိုယ့်ကိုယ်ကို ပြန်အားပေး နေရပါတယ်။

နာရီပိုင်းလေး အတွင်းမှာ နိုင်ငံခြားပြန် ကျွန်တော့်ကို လာကြိုကြတဲ့ မိသားစု ဆွေမျိုးအသိုင်းအဝိုင်း၊ သူငယ်ချင်းတွေနဲ့ စည်ကား ပျော်ရွှင် နေကြ တဲ့

ကျွန်တော့် အိမ်လေးဟာ တမဟုတ်ချင်းမှာ အသုဘ အိမ်လို ငိုရှိုက်သံတွေ၊ စိုးရိမ် ပူပန်သံတွေ နဲ့ ဖြစ်သွားပါတယ်။

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို နောက်တစ်ကြိမ် ကျွန်တော် ထပ်ခံစားလိုက်ရပါတယ်။ တစ်ညလုံး ဘာမှ ကြီးကြီးကျယ်ကျယ် ထပ်မဖြစ်တော့ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီး နောက် တစ်နေ့ မနက်မှာ ကျွန်တော့် တစ်ကိုယ်လုံးဟာ ဘာမှ မဖြစ် ထားသလို အကောင်းပကတိ ဖြစ်နေတာ တွေ့ရပါ တယ်။ အမေနဲ့ အစ်မဟာ အအုံ့သြကြီး အံ့သြလို့ နေပါတယ်။ ဘုရားသခင် ကောင်းမြတ် ပါတယ်။ ဟာလေလုယာ။

အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ "အစား မတော် တစ်လုပ်"ဆိုတဲ့ မြန်မာ စကားပုံလို အစာ စားခါနီးတိုင်း ငှက်ပျောသီးနဲ့ ကင်းအောင် သတိထားပြီး နေနေရပါတယ်။ ကျွန်တော်နဲ့ ပါတ်သက်ရင်းနီးတဲ့ မိတ်ဆွေတွေ ငှက်ပျောသီး လာကျွေးတဲ့ အခါတိုင်း ငြင်းပြီး ကျွန်တော့် ရောဂါကို ပြောပြထားရပါတယ်။ ကိုယ်နဲ့ လက်လှမ်းမှီတဲ့ နေရာတိုင်းမှာလဲ ဘာမီတွန် ကို အမြဲ ဆောင်ထားရပါတယ်။

၂၀၀၅ ခုနှစ်လောက်မှာ ကုမ္ပဏီက အလုပ်များလွန်းလို့ ညနေ အချိန်ပို အလုပ် ဆက်ဆင်းလိုက်ပါတယ်။ အလုပ်ထဲမှာ မနက်ပိုင်းနဲ့ ညနေ အိုဗာတိုင်ချိန်တွေမှာ အဆာပြေစားဖို့ ပေါင်မုန့် (သို့) ဘီစကစ်မုန့် တွေ ဝယ်ထားလေ့ရှိပါတယ်။ အဲဒီနေ့က ဝယ်ထားတဲ့ မုန့်တွေ ကုန်သွားတဲ့အတွက် မုန့် လိုက်ဝယ်ပေး တဲ့ ကုလားလေးကို အိုဗာ တိုင် အချိန်မှာ စားဖို့ ကိတ်မုန့် တစ်ချပ် မှာလိုက်ပါတယ်။ ညနေ ဖြနာရီ ၁၀ မိနစ် လက်ဖက်ရည်သောက် နားချိန်ရောက်တော့ ကန်တင်းမှာ ထိုင်ရင်း ကုလားလေး ဝယ်လာပေးတဲ့ ကိတ်မုန့်ကို စားရင် သတင်းစာ ဖတ်နေလိုက်ပါတယ်။ ကိတ်မုန့်စားလို့ ကုန်ခါနီးလောက်မှာ ကျွန်တော့် လျှာတွေ ယားလာပါ တော့တယ်။ ဒါနဲ့ မသင်္ကာလို့ ကိတ်မုန့်ကို ထုပ်ထားတဲ့ ပလပ် စတစ် အိတ်ပေါ်က ရေးထားတဲ့ စာတန်းကို ဖတ်ကြည့် လိုက်တော့ **Banana cake** ဆိုတဲ့ စာတန်းကို တွေ့လိုက် ရပါတယ်။

ဟာ သွားပါပြီ။ ကျွန်တော်စားတဲ့ ကိတ်မုန့်က ငှက်ပျောသီးနဲ့ လုပ်ထားတာကိုးဗျ။ ဒီတစ်ခါတော့ ကျွန်တော် ကျိန်းသေပေါက် သေပါပြီ။ ငှက်ပျောသီး အဆိပ် တက်ရင် သောက်ဖို့ ဘာမီတွန် ကလဲ အလုပ်ထဲမှာ မရှိတော့ဘူး။ အဆိပ်တက်နေတုံး ဆေးရုံကားနဲ့ သွားရင်တောင် စင်ကာပူ နိုင်ငံသား ဆရာဝန်ကို ဘာဖြစ်တယ်ဆိုတာ ရှင်းပြပေးမဲ့သူလဲ မရှိ။ "ဘုရားသခင် ကယ် တော်မူပါ " လို့ဘဲ ကျွန်တော် အကြီးအကျယ် ဆုတောင်း လိုက်မိပါ တော့တယ်။ ။

**မင်းအောင်သက်လွင်**

( စာကြွင်း ။ ။ ဘုရားသခင် ကောင်းမြတ်ပါတယ်။ အဲဒီနေ့က ကျွန်တော် မသေ ခဲ့ပါ။ ကိတ်မုန့်ထဲမှာ ငှက်ပျောသီး ပါဝင်မှု ရာခိုင်နှုန်း မများတဲ့အတွက် လျှာ ယားရုံသာ ယားပြီး ပြန်ကောင်း သွားခဲ့ပါတယ်။ ဒါပေမဲ့ အခုထက်ထိ ( စဖြစ်တဲ့နေ့က စပြီး ဒီနေ့ အထိ ၉နှစ်ကျော် ) ကျွန်တော် ငှက်ပျောသီး မစားရဲ ခဲ့ပါ၊ တစ်ချိန်ချိန်မှာ ပြန်စားနိုင်ဖို့ ဆုတောင်းပေးကြပါ။ ကျေးဇူးတင်လျှက် ...)

ooooooooooooooooooooooooooooooooooooooooooooooooooo

## အလိုအပ်ဆုံးအရာကတော့

ကျောင်းက ပြန်ရောက်တာနဲ့ ကျွန်မဟာ အိမ်မှာရှိတဲ့ ဘယ်သူ့ကိုမှ စကား မပြောဘဲ၊ အိပ်ခန်းထဲကို တန်းဝင်သွားပြီး ကိုယ်လုံးပေါ် မှန်ရှေ့မှာ ကျွန်မကိုယ် ကျွန်မ လှည့်ကာပတ်ကာ ကြည့်မိပါတယ်။ ပြီးတော့ အခန်းတံခါးကို အတွင်းကနေ ဂျက်ချပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်ကာ ငိုကြွေးနေမိပါတယ်။

မကြာခင် အချိန်မှာဘဲ ကျွန်မ အခန်းတံခါးကို မေမေ လာခေါက်ပြီး ညနေစာ စားဖို့ လာအသိပေးပါတယ်။ ကျန်တဲ့ မိသားစုတွေ ထမင်းစားပွဲမှာ အသီးသီး ရောက် နေကြပေမဲ့ ကျွန်မ



မရောက်သေးတဲ့အတွက် ကျေးဇူးတော် မချီးမွမ်းနိုင်သေးဘဲ စောင့် နေကြတာ ဖြစ်ပါ တယ်။ မေမေ နောက်ထပ်တစ်ခါ တံခါးဝ ရှေ့ ရောက်လာပြီး စောင့်နေ ပါတယ်။ အပြင် ကနေ ပြီး "သမီး အခန်းထဲမှာ ဘာလုပ် နေတာလဲ၊ အိပ်ပျော်နေတာ လား၊ ကျန်တဲ့ လူတွေ ထမင်း စားဖို့ စောင့်နေကြတယ်၊ ထွက်လာတော့ သမီး"လို့ လှမ်းပြောပါတယ်။ ကျွန်မ ဟာ အခန်းတံခါးကို ဖွင့်ပြီး "သမီး ညနေစာ မစားတော့ဘူး မေမေ" လို့ လှမ်းပြောလိုက်တဲ့ အချိန်မှာ မေမေဟာ ငိုထားတဲ့ ကျွန်မ မျက်လုံးတွေကို တွေ့သွားပြီး အခန်းထဲ ဝင်လာကာ စိုးရိမ်တကြီးနဲ့ "အို မေမေ့ သမီးလေးရယ် ဘာဖြစ် လို့ ငိုနေတာလဲကွယ်" လို့မေးပါတယ်။

"မေမေ သမီးကို ဒီနေ့ ကျောင်းမှာ သူများတွေက 'ဝက်ပုတ်မ' လို့ နောက် ကြတယ်။ နောက်ပြီး 'လမ်းကြိတ်စက်ကြီး လိမ့်လာပြီ'ဆိုပြီး ကောင်လေးတွေက ဝိုင်း နောက်ကြတယ်။ သမီး သူငယ်ချင်းတွေက သမီးလို မဝလို့ 'သူများမုန့်တွေချည်း လိမ့်မစားနဲ့' လို့ ဝိုင်းနောက်ကြတယ်။ ဟုတ်ပါတယ်လေ၊ သမီးဟာ ဝတုတ်ပြီး အကျည်းတန် အရုပ်ဆိုး နေတယ်။ သမီးလေ သူများတွေလို ပိန်ပိန်ပါးပါးလေးနဲ့ လှအောင် နေတော့မယ်။ ဒါ့ကြောင့် သမီး ဒီနေ့က စပြီး ဘာမှ မစားတော့ဘူး မေမေ" "မဟုတ်တာ သမီးရယ် သမီးက အရမ်း မဝပါဘူး။ နောက်ပြီး အရုပ်လဲ မဆိုးပါဘူး" မေမေ ဘယ်လိုဘဲ ဖျောင်းဖျပေမဲ့ ကျွန်မဟာ နားမဝင် ဘဲ စွတ်ပြီး ခေါင်းမာနေတဲ့ အတွက် မေမေဟာ လက်လျှော့ပြီး စိတ်မကောင်းစွာနဲ့ အခန်းထဲက ထွက်သွားပါတော့ တယ်။

ဒီလိုနဲ့ ကျွန်မဟာ အဖတ် ဆို ဘာမှ မစားဘဲ ရေ နဲ့ သစ်သီး ဖျော်ရည်တွေ ဘဲ သောက်လာလိုက်တာ ဖြလ မြောက်တဲ့နေ့မှာဘဲ ကျွန်မရဲ့ ကျန်းမာရေးဟာ စတင် ပြီး ချို့ယွင်းလာခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ ဆက်လက်ပြီး ခေါင်းမာစွာနဲ့ အစာ မစားဘဲ နေခဲ့ပါတယ်။ တစ်နှစ် တစ်ခါ ကျင်းပလေ့ရှိတဲ့ 'ကျေးဇူးတော် ချီးမွမ်းပွဲနေ့ ' **( Thanksgiving day )** မှာတော့ အမေဟာ ကျွန်မ နှစ်သက်တဲ့ အစား အစာများကို အထူး ချက်ပြုတ်ပေးပါတယ်။ တစ်နှစ်တစ်ခါ မိသားစု စားသောက်ပွဲ ဖြစ်တဲ့အတွက် ကျွန်မတော့ ဒီစားသောက်ပွဲကို မလွှဲမရှောင်သာ လာစားမယ်လို့ အမေ ထင်ထား၊ မျှော်လင့် ထားခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးရဲ့ အထင်နဲ့ တစ်ထပ်တည်း မကျဘဲ ကျွန်မဟာ ခေါင်းမာစွာနဲ့ စားသောက်ပွဲ စကာနီးမှာ အိမ်ကနေ ခိုးထွက်လာခဲ့ပြီး အိမ်နားက ကစားကွင်းထဲမှာ ညနက်တဲ့အထိ တစ်ယောက်ထဲ သွားထိုင်နေခဲ့ပါတယ်။ ကျွန်မ အိမ်ပြန်ရောက်တဲ့အချိန်မှာ မေမေဟာ ငိုထားတဲ့ မျက်နှာနဲ့ ကျွန်မကို ပြေးဖက်ပါတယ်။ "သမီးလေးရယ် ဘာဖြစ်လို့ မေမေတို့ မသိဘဲ အိမ်က ထွက်သွားရတာလဲ၊ သမီး ကျန်းမာရေးလဲ ကောင်းတာ မဟုတ်ဘဲကွယ် မေမေတို့ စိတ်ပူလိုက်ရတာ။ ဘယ်သူမှ လဲ ညစာကို ကောင်းကောင်း မစားဖြစ် ကြတော့ဘူး သမီးလေးရယ်" လို့ပြောပါတယ်။

ဟုတ်ပါတယ်။ တစ်အိမ်သားလုံး စိတ်ပူမယ်ဆိုလဲ ပူသင့်ပါတယ်။ ကျွန်မဟာ အရင်ကလို ကျန်းမာဝဖြိုးတဲ့ ကိုယ်ခန္ဓာ မဟုတ်တော့ဘဲ၊ ပိန်လှီပိန်ညှော်င်နဲ့ လိုအပ်နေတဲ့ ကိုယ်ခန္ဓာ အချိုးအစားအောက် **(Under weight)** အခြေအနေမှာ ရှိနေတဲ့အတွက် ဆရာဝန်က အားဆေး ပေးပြီး ပြန်လည်ကျန်းမာလာအောင် ကြိုးစား လုပ်နေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်မဟာ ဆရာဝန်ပေးတဲ့ ဆေးတွေကို မသောက်ဘဲ မေမေတို့ မသိအောင် ခိုးပြီး လွှင့်ပစ်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်မ ဆေးရုံကို အရေးပေါ် အခြေအနေနဲ့ ရောက်ခဲ့ရပါတယ်။ အကြောင်းကတော့ ကျွန်မဟာ မတ်တပ်တောင် ကောင်းကောင်း ရပ်နိုင်လောက်တဲ့ အားအင်တွေ မရှိတော့လို့ပါဘဲ။ ကျွန်မဟာ တစ်နှစ်လုံး ကျန်းမာရေး ချို့တဲ့ခဲ့တဲ့အတွက် ကျောင်း တစ်နှစ် ပျက်ခဲ့ရပါတယ်။ ကျွန်မ ဆေးရုံပေါ်မှာ ရှိနေတဲ့ အချိန်မှာ ကျွန်မကို လမ်းမှန်ပြန်ရောက်အောင် ပြောကြားဖို့ ဘုရား ရှင်ဟာ တရားဟောဆရာ တစ်ပါးကို စေလွှတ်ခဲ့ပါတယ်။

ဆရာဟာ ကျွန်မရဲ့ ပိန်လှီနေတဲ့ ခန္ဓာကိုယ်လေးကို ကြင်နာတဲ့ အကြည့် နဲ့ ကြည့်ပြီး ကျွန်မရဲ့ မျက်နှာကို မှန် တစ်ချပ်နဲ့ ထောင်ပြီး ပြန်ကြည့်ခိုင်းခဲ့ပါတယ်။ " မှန်ထဲမှာ တွေ့နေရ တာ ဘယ်သူပါလိမ့်၊ ကျွန်မမှ ဟုတ်ပါရဲ့လား။ အို ရုပ်ဆိုးလိုက်တာ ငါ့ကိုယ်ငါ မှန်ထဲပြန်ကြည့်ပြီး ဘာလို့ ဒီရုပ်ဆိုးတဲ့ မျက်နှာက ပေါ်လာရပါလိမ့်"လို့ တွေးမိပါတယ်။ "အဲဒါ သမီးကိုယ် သမီး အပြစ်ပေး ညှဉ်းဆဲတဲ့အတွက် ပေါ်လာရတဲ့ ရလဒ်ဘဲ။ ဒါပေမဲ့ အားမငယ်ပါနဲ့၊ ဘုရားသခင်က သမီးကို အရင်အတိုင်းဖြစ်အောင် ပြန်လုပ် ပေးပါလိမ့်မယ်" "ဆရာ သမီးက ရုပ်ဆိုးတဲ့အတွက် ဘုရား သခင်က

ချစ်ပါ့အုံးမလားဟင်” “သမီးလေး မှတ်ထားဖို့က ဘုရား သခင်ဟာ ရုပ်ဆိုးတာ၊ ရုပ်ချောတာ၊ ပညာရှိတာ၊ ပညာမဲ့တာတွေ အားလုံးကို အမှတ် မထားဘူး။ ဘုရားရှင်ဟာ ကျိုးပဲ့ကြေမွတဲ့ နှလုံးသားနဲ့ ဖြူစင်တဲ့ နှလုံးသားရှိသူတွေကိုသာ မြတ်နိုး နှစ်သက် ပါတယ်။ ဒီလောကမှာ ရှိတဲ့ သတ္တဝါတိုင်းဟာ မိမိတို့ သေဆုံး သွားတဲ့အခါမှာ လှတဲ့သူ၊ ရုပ်ဆိုးတဲ့သူ၊ ပိန်တဲ့သူ၊ ဝတဲ့သူ လူတိုင်းဟာ မိမိတို့ ကိုယ်ခန္ဓာများကို မြေမှုန့်က လာတာ ဖြစ်တဲ့အတွက် မြေမှုန့်သို့ ပြန်လည်သွားစေပြီး မိမိတို့ ဝိညာဉ် များသာလျှင် ဘုရားရှင်ဆီ ရောက်သွားကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိ ကိုယ်ခန္ဓာကို ကောင်းကောင်းမွန်မွန် ပြုပြင် ထိန်းသိမ်းသင့်ပါတယ်။ မိမိတို့ ကိုယ်ကို မိမိ မပိုင်ပါဘူး။ ယုံကြည်သူတိုင်းရဲ့ ကိုယ်ခန္ဓာဟာ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တဲ့ ဘုရားသခင်ရဲ့ ဗိမ္မာန်တော်ဖြစ်ပါတယ်။ အဲဒီ ဗိမ္မာန်တော်ကို ထင်သ လို မဖျက်ဆီးရပါဘူး။

ဘုရားသခင်ရဲ့ မျက်မှောက်တော်မှာ လူသားတစ်ဦးစီတိုင်းဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာလေးတွေဖြစ်တယ်။ ဘုရားသခင်ရဲ့ စားပွဲတော်မှာ အယောက်စီတိုင်း ပါဝင်နိုင်ဖို့ ဘုရားရှင် အလိုတော်ရှိပါတယ်။ သိုးအကောင် တစ်ရာမှာ တစ်ကောင်သော သိုးအတွက် ဘုရားရှင်ဟာ ကိုးဆယ့်ကိုးကောင်သော သိုးများကို ထားခဲ့ပြီး ပျောက်တဲ့သိုးကို တွေ့အောင် ရှာခဲ့ပါတယ်။ ကိုယ့်ကို မွေးခဲ့တဲ့ မိဘတွေက စွန့်ပစ်သွားရင်တောင် အားမငယ်ပါနဲ့။ ဘုရားသခင် ရှိနေပါတယ်၊ လောကသား အားလုံးကို တရားမျှတစွာ ချစ်နေတဲ့ ဘုရားရှင်ထံမှာ မိမိကိုယ်ကို ပြန်လည် ဆက်ကပ် အပ်နှံပါ။ အရာအားလုံးကို ဖန်ဆင်းပြုပြင်တော်မူသော သုံးပါး တစ်ဆူတည်းသော ဘုရားသခင်ဟာ သမီးလေးကို နှောင့်ယှက် နေတဲ့ မကောင်းသော အနှောက်အယှက်များကို ဖယ်ထုတ်ပေးပါလိမ့်မယ်။

စာတန်မာရ်နတ်ဟာ မိမိအချိန် ကုန်လုနီးပြီ ဖြစ်တဲ့ အတွက် ဒီကမ္ဘာမှာ ရှိနေတဲ့ ဘုရားသခင်ရဲ့ သားသမီး ယုံကြည်သူ များကို သူနဲ့အတူ အပြစ်ဒဏ် စီရင်ခြင်းခံရဖို့ ကြိုးစားနေပါတယ်။ ဒါပေမဲ့ ယုံကြည်သူတွေဟာ စာတန်ကို ကြောက်စရာ မလိုပါဘူး။ စာတန်ရဲ့ နှောက်ယှက်ခြင်း ခံရပြီဆိုရင် သခင်ယေရှုခရစ်တော်ရဲ့ နာမနဲ့ စာတန်ရဲ့ လုပ်ရပ်တွေကို နှင်ထုတ်လိုက်ပါ။

စာတန်ဟာ မှန်တိုင်းလို တိုက်ခိုက်ဖို့ ချောင်းမြောင်း နေပါတယ်။ ယုံကြည်သူတိုင်း ခရစ်တော်၌ ယုံကြည်ခြင်း ခိုင်မြဲဖို့ လိုအပ်ပါတယ်။ အမြစ်စွဲနေဖို့ လိုပါတယ်။ မပြုပြင်ဘဲ ရွှေ့လျော့နေမယ် ဆိုရင် မုန်တိုင်းနောက် ပါသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယုံကြည်သူ သားသမီးတိုင်းဟာ ဘုရားရှင်နဲ့ အမြဲ ဆက်သွယ် ပေါင်းကူးဖို့လိုပါတယ်။ မနက်မိုးလင်း အိပ်ယာ ထလာတာနဲ့ တစ်နေ့တာ လုပ်ရမဲ့ အရာတွေကို ဘုရားသခင်ထံမှာ အပ်နှံ နည်းခံဖို့ လိုပါတယ်။ ညအိပ်ယာ ဝင်တဲ့အခါမှာလဲ လုပ်ဆောင်ပြီးခဲ့ သမျှ ကျေးဇူးတော် ရေတွက်ချီးမွမ်း အပ်နှံဖို့ လိုပြန်ပါတယ်။ ဒီလောက်ဆို သမီး သဘောပေါက်လောက်ပြီနော်” “ကျေးဇူး တင်ပါတယ် ဆရာ၊ ကျွန်မ သဘောပေါက် နားလည်ပါပြီ။ ကျွန်မရဲ့ အပြင်ပန်း သဏ္ဍာန်ထက် အတွင်းနှလုံးသားကိုသာ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ဖို့ နေထိုင် အသက်ရှင်သွားပါတော့မယ်”

ကျွန်မရဲ့ ဆုံးဖြတ်ချက်နဲ့ အညီ ပြုပြင်နေထိုင်ခဲ့တဲ့ အတွက် ကျန်းမာရေး ပြန်ကောင်းလာပါတယ်။ မိသားစုတွေနဲ့အတူ ညစာကိုလဲ ပုံမှန် ပြန်စားသောက် လာခဲ့ပါတယ်။ မိသားစုတွေနဲ့လဲ ဝတ်ပြုကိုးကွယ် ဆုတောင်းနိုင်ခဲ့ပါတယ်။ ကျွန်မလို စိတ်ဓါတ်ပိုင်း ဆိုင်ရာမှာ ထိခိုက်ကျဆင်းနေတဲ့သူတွေ အများကြီး ရှိနေပါတယ်။ စေတနာနဲ့ သတိပေးချင်တာက ကျွန်မတို့ဟာ လူတွေရဲ့ အမြင်၊ အထင်ကောင်းအောင် နေထိုင်နေကြပါသလား။ လူ့အကြိုက် လိုက်နေကြပါသလား။

**အကြောင်းမူကား ယခုတွင် ငါသည် လူ၏ အလိုသို့ လိုက်သလော၊ ဘုရားသခင် ၏ အလိုတော်သို့ လိုက်သလော၊ လူတို့စိတ်ကို နူးညွှတ်စေခြင်းငှာ ရှာကြံသလော။ လူတို့ စိတ်ကို နူးညွှတ်စေခြင်းငှာ ရှာကြံသေးလျှင် ခရစ်တော်၏ အစေခံကျွန် မဟုတ်ပြီ။ ဂလာတိ ၁း၁၀ ။**

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ – **မေဇွန်**

( ဝန်ခံချက် ။ ။ ဆရာဂျိုးခရုဒ် ၏ အတွေ့အကြုံကို ပြန်လည် ဝေငှပါသည် ။)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo



တစ်နေ့ ကျွန်မ ဈေးဝယ်ထွက်၍ ပြန်လာစဉ် အိမ် ဘေးနားမှ သူငယ်ချင်းက ကျွန်မ လက်ကို ဆွဲထား၍ “နင့်ကို ငါ ပြောစရာ စကားရှိတယ်” ဟု စကားစ လာပါသည်။ “ပြောစရာရှိရင် မြန်မြန်ပြောဟာ၊ ငါ ဒီမှာ အိတ် အလေးကြီး ဆွဲထားရတာ” “ဝေမာ သူ့နိုင်ငံကို ပြန်သွားပြီဟ” “ဘာဖြစ်လို့လဲ” “ကိုယ်ဝန်ရှိလို့တဲ့” “သူ့ အမေ ဆူတော့မှာဘဲ” “အေး သူ့ကို ဝိုင်းပြောကြမှာ စိုးလို့ ကောင်လေး ကိုပါ ခေါ်သွားမယ်တဲ့” “ကောင်လေးက လိုက်ပါ့မလား ကျောင်းတက်နေတာဆို” “ကောင်လေး လိုက်မသွားရင် သူ့ကို လင်မရှိဘဲ ဗိုက်ကြီးလာတယ်လို့ ဝိုင်းပြောကြ တော့မှာပေါ့ သူတို့ တိုင်ပင်ပြီးပြီ ပြောတယ်” “အေးလေ ဒါဆိုလဲ ပြီးရော ငါသွား တော့မယ်နော်”ဟု ကျွန်မ စကားဖြတ်၍ ပြန်ခဲ့သည်။ စိတ်ထဲမှာတော့ ကောင်လေး လိမ်ညာပြောခဲ့ရင် ဝေမာ အခက်တွေ့တော့မှာပေ့ါဟု တွေးရင်း သနားနေမိသည်။

အိမ်ထဲသို့ ရောက်ရောက်ချင်း ကျွန်မ လုပ်နေကျအတိုင်း ဘုရားကို ဂါဝရ ပြုလိုက်၏။ ထိုစဉ် နံရံ၌ ကပ်ထားသော သခင်ယေရှု၏ ပုံတော်သို့ မျက်လုံးက ရောက်သွားသည်၊ တဆက်တည်းမှာပင် မယ်တော်မာရိ ဆီသို့ စိတ်က ရောက်သွားသည်။ မယ်တော်မာရိကို လက်ထက်ကလဲ မယ်တော့်ကို ပြောကြမှာဘဲ အဖေ မရှိဘဲ ရတဲ့ ကလေးလို့ ဘယ်သူဘဲဖြစ်ဖြစ် အဖေ မပြနိုင်ဘဲ ကလေးမွေးရမှာ ရှက်ကြမှာဘဲ။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ ရှုတ်ချမှုကို ခံရမှာ ကြောက်ကြမှာဘဲ။ မမွေး မဖြစ်လို့ မွေးကြရတာ။ မယ်တော်မာရိ ကတော့ ကောင်းကင်တမန်လာပြီး သိတင်းစကား ပြောကတည်းက ကယ်တင်ရှင်မေရှိယကို သူ့လို သူဆင်းရဲမ ကိုမှ ရွေးပြီး မွေးဖွား ခိုင်းတာကို ယုံကြည်မှု အပြည့်နဲ့ အကျေနပ်ကြီး ကျေနပ်ပြီး လက်ခံခဲ့တယ်။

တစ်ချို့ဆိုရင် ကောင်းကင်တမန် လာပြောတာကို ငါဘဲ သိတာ။ ဖြစ်နိုင်ပါ့မလားမသိဘူး။ ဟုတ်မှ ဟုတ်ပါ့မလား၊ လော လောဆယ်မှာ ငါ့ကို ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ ဘယ်သူနဲ့ ရတဲ့ ကိုယ်ဝန်လဲလို့ လူတွေက ဝိုင်းအပြစ်တင်ကြမှာ ဒီဒဏ်ကို တစ်သက်လုံး ငါခံသွားရမှာ – သို့လော သို့လော … …

သာမာန်လူ ဆိုလျှင် လက်ခံမည် မဟုတ်ပေ။ မယ်တော် မာရိသည် ပါရမီ ထူးသူ၊ ဘာသာတရား ကိုင်းရှိုင်းသူ၊ ထာဝရဘုရား အား အကြွင်းမဲ့ ယုံကြည်သူ တစ်ယောက် ဖြစ်သောကြောင့် ထာဝရ ဘုရားက ကြီးမြတ်သော တာဝန်အား သူ့အား ပေးအပ်ခဲ့ ခြင်းဖြစ်သည်။

လူသားမှန်သမျှ မိခင် မရှိဘဲ ဤလောကသို့ ရောက် မလာနိုင်ပါ။ ထိုအချိန် အခါက မယ်တော်မာရိ သာ ထိုအခွင့်ကို လက်မခံဘဲ ငြင်းဆန်ခဲ့လျှင် ယေရှုခရစ်တော်၏ မွေးဖွားခြင်း သမိုင်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။

လူအများ၏ ကဲ့ရဲ့ ရှုတ်ချခြင်းဒဏ်ကို သာမက မိမိ သားဦး လေးအား သတ်ဖြတ်ဖျက်ဆီး ညှဉ်းပန်း နှိပ်စက်နေသည်ကို ယုံကြည်ခြင်း အပြည့်၊ ခွင့်လွှတ်ခြင်း အပြည့်၊ သည်းခံခြင်းအပြည့်နှင့် ဝမ်းနည်း ကြေကွဲစွာ ကြည့်လျက် နှလုံးသားကို သက်သေတည် သွားခဲ့သည်။ ထိုနှလုံးသားပိုင်ရှင် မယ်တော်မာရိသည် မိန်းမ တကာ တို့တွင် အမြတ်ဆုံးသောသူ ဖြစ်ခဲ့ပါသည်။

ထိုနည်းတူ အဘ ယောသပ် သည်လည်း မွန်မြတ်သော စံပြ ဖခင်တစ်ဦး ဖြစ်ပေသည်။ မိမိချစ်သူ၌ ထာဝရဘုရား ပေးသနား တော်မူသော သားရတနာ ရရှိကြောင်း သိ၍ ကောင်းကင်တမန်ထံမှ ရှင်းပြ စေခိုင်းချက်ကို ကြားသိရသောအခါ ဝင်ရောက် ပါရမီ ဖြည့်ခဲ့ လေသည်။

တစ်ချို့ ချစ်သူများသည် မိမိနှင့်ရသော ကိုယ်ဝန်ကိုပင် တာဝန်ယူ ရမည်စိုး၍ ရှောင်ပြေးကြသည်။ တစ်ချို့က တစ်ခြားသူ နှင့် ရသော ကိုယ်ဝန်ဟု စွပ်စွဲပြောဆိုကြသည်။ ယောသပ်မှာ ထာဝရ ဘုရားအား အထူးယုံကြည်သူတစ်ဦး ဖြစ်၍ မိမိချစ်သူနှင့် ထို သား ရတနာလေးအား သေဘေး အမျိုးမျိုးမှ စောင့်ရှောက် ကွယ်ကာပေးခဲ့သည်။ ကျေးဇူးကြီးသော ကျွေးသ ဖခင်တစ်ဦးဖြစ်၏။

သူငယ်တော် ယေရှု ဘဝမှသည် ကယ်တင်ရှင် ယေရှု ဖြစ်လာချိန် တိုင်အောင် လောကတွင် မိမိတို့၏ ရင်သွေး ရတနာ အား ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော မယ်တော်မာရိနှင့် ယောသပ် တို့သည် တုနှိုင်း မမှီသော ပါရမီရှင် မိဘ နှစ်ပါးပင်

ဖြစ်ပါတော့သည်။ ထိုမိဘရှင် နှစ်ပါးကို စံနမူနာ ယူ၍ အသက်ရှင် နိုင်ကြရန် ယခု မျက်မှောက်မှ မိခင်၊ ဖခင်များအား တိုက်တွန်း လိုက်ရပေသည်။ ။ **( ဧရာကြည် )**

( **Parent's day, July** အတွက် အမှတ်တရ ရေးသားပါသည်။ )

oooooooooooooooooooooooooooooooooooooooo

## ဖန်ဆင်းရှင် အကြောင်း တစေ့တစောင်း



သက်ရှိ သက်မဲ့ အရာဟူသမျှကို ဖန်ဆင်းသော အရှင်၏ ဖန်ဆင်းပုံခြင်း မတူသည့်အချက်ကို တစေ့ တစောင်း လေ့လာကြည့် ကြပါစို့။ ထိုအခါ နည်း ၃ နည်း ဖြင့် ဖန်ဆင်းထားကြောင်း တွေ့ရပေ မည်။

၁) သက်မဲ့အရာများအား "ဖြစ်စေ"ဟူသော တစ်ချက်လွှတ် အမိန့် ဖြင့် ဖြစ်ပေါ်တည်ရှိစေပါသည်။

၂) သက်ရှိသတ္တဝါ ဖြစ်သည့် မြေသတ္တဝါများအား မြေအားဖြင့်၄င်း၊ ရေသတ္တဝါ များ အား ရေအားဖြင့်၄င်း မွေးဖွားစေဟု တဆင့်ခံ အမိန့်ဖြင့် ဖြစ်ဖွား စေခဲ့ပါသည်။

၃) လူကို မူကား တမူထူးခြား၍ ဖန်ဆင်းထားကြောင်း ဆင်ခြင်တွေ့မြင်နိုင်ပါသည်။

"ဒါများ အဆန်းလုပ်လို့ ဆန်းဒေးစကူးလ် ဘဝ ကတည်းက ငါတို့သိပြီးသား" ဟု စာဖတ်သူများ စောဒက တက်နိုင်သော်လည်း အသစ်အဆန်းကဲ့သို့ မရိုးနိုင်အောင် အမြဲတန်း ဆန်းကျယ်နေသော ဘုရားသခင်၏ ဖန်ဆင်းခြင်းအကြောင်း ကို သင် လျစ်လျူရှု မေ့ မထားသင့်ပေ။ အဘယ့်ကြောင့် ဆိုသော် လူကို ဘုရားသခင်သည် အလေးအနက်ထား၍ ဖန်ဆင်းထားသောကြောင့် ဖြစ်သည်။

မဖန်ဆင်းခင် ကတည်းက "ငါတို့ ပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းကြစို့" ဆိုသော ဆွေးနွေးတိုင်ပင်သံကို သတိပြုမိကြပါရဲ့လား။ ( ကမ္ဘာဦး ၁း၂၆) မြေမှုန့်ဖြင့် လူကို ဖန်ဆင်းသည်ဟု ဆိုသောကြောင့် ရုပ်လုံးပေါ်အောင် ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းထိမ် ပညာရှင်များကဲ့သို့ ထုရ၊ ထောင်းရ၊ ဖဲ့ရ၊ ကုတ်ရ၊ ခြစ်ရ၊ ထွင်းရ ခြင်းဖြင့် စိတ်ရှည်လက်ရှည် စေ့စပ်သေချာစွာ ကိုယ်တော်တိုင် ပြုလုပ်ရမည် ဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားသခင်၏ ပညာ အတတ်နှင့် ဉာဏ်တော်အား ဖန်ဆင်းခံ လူသားများ လိုက်မမှီသော်လည်း ဘုရားသခင် ၏ သဘော သဘာဝများက လူတို့အပေါ်၌ ထင်ဟပ်လျက်ရှိသည်။ ကမ္ဘာဦးကျမ်း ၄ ။

ကျွန်မ ငယ်စဉ်ကတည်းက ရွှံ့မြေနှင့် နွားရုပ်၊ အိုးပုပ်၊ ချိုးရုပ် ကလေးများ ပြုလုပ် ကစားခဲ့ဖူးပါသည်။ လူ၏ ကိုယ်ခန္ဓာ အတွင်းအပြင် ကလီစာများကို ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုစီ၌ နေရာမှန် ရှိနေကြရန် ကရုတစိုက် အံ့သြဖွယ်ရာ ဖန်ဆင်းထားသောကြောင့် **အကျွန်ုပ်သည် ကြောက်မက်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာ တို့နှင့် ပြည့်စုံသည် ဖြစ်၍** ဟု ဆာလံ ၁၃၉– ၁၄ တွင် ဆာလံဆရာ ဒါဝိဒ် မင်းကြီးက ဘုရားသခင်၏ လက်ရာတော်ကို ဝန်ခံ ချီးမွမ်းထားပါသည်။

အမိန့်တော်နှင့် တန်ခိုးတော်ကို အခြေခံထားခြင်း မဟုတ်ဘဲ၊ မိမိ၏ ပင်ကိုယ် မူလ သဘောရှိသော အရာများဖြင့် အထူးသဖြင့် ထာဝရ အသက်ရှင်ခြင်း (သို့) အသက်ရှု၍ အသက်ရှိ လာစေရန် နှာခေါင်းထဲသို့ ဇီဝ အသက် မှုတ်သွင်းလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် လူတို့၏ နှာခေါင်းသည် အခြားသတ္တဝါများ ကဲ့သို့ အသက်ရှူ ရန်နှင့် အနံ့ခံရန် သက်သက်သာ မဟုတ်ဘဲ ဘုရားသခင်ထံမှ ဇီဝအသက် ကိုပါ ရရှိထားပါသည်။

**ငါတို့ ပုံစံနှင့် တညီ တသဏ္ဍာန်တည်း** ဟု ကမ္ဘာဦး ၁း၂၆ တွင် ဆိုထားခြင်းကြောင့် အမှုမဲ့ အမှတ်မဲ့ ဖန်ဆင်းထားခြင်း မဟုတ်ကြောင်း တွေ့ရသည်။ ဤမျှ လောက်နှင့်လဲ မပြီးသေးပါ။ လူသားများ နေထိုင်ရန်အတွက် ကြိုက်တဲ့နေရာတွင် ဖြစ်သလို ထားခြင်း မဟုတ်ဘဲ အရှေ့မျက်နှာ ဧဒင်အရပ်ကို ရွေးချယ်ကာ ဥယျာဉ်ကိုလဲ စိုက်ပျိုး ထားပေးလိုက်ရသေး၏။ ကမ္ဘာဦး ၂း၈–၉။ ဤအရာကို ကြည့်ခြင်းအားဖြင့် လူ၌ ပူပင်စရာ၊ ရတက် မအေးစရာ၊ သောကများ မရှိချေ။ ဖန်ဆင်းပြီးသော ကုန်းနေ ရေနေ သတ္တဝါများအား ကြည့်ရှုပြီး မိမိအမြင်ကို သုံးသပ်ကာ "ကောင်း ၏" ဟု မှတ်ချက်ချပြီး ထိုအရာများ အားလုံးကို အစိုးရစေဖို့ လူ့ အတွက် ဖြစ်စေခဲ့ပါသည်။

ဖန်ဆင်းထားသော လူယောက်ျား လူမိန်းမ အတွက် အစစ အရာရာကို လိုလေသေး မရှိအောင် ပြည့်စုံစွာ ထားပြီးမှ လူသားမျိုးနွယ် ဆက်လက် ပွံ့ပွားစေရန် အမိန့်တော်စကား မိန့်ပြီးနောက် ကောင်းကြီးပေးခဲ့လေသည်။

ထို့ကြောင့် ဤမြေပေါ်၌ လူတို့သည် တိရိစ္ဆာန်များ ကဲ့သို့ ချက်စား ပြုတ်စား ကြော်လှော် ခံရသည့် ဘဝဖြင့် အဆုံးသတ်သွားရမည် မဟုတ်ပေ။ လှောင်အိမ်ထဲ၌ ထည့်ထား ခံရပြီး ပိုက်ဆံပေးမှ ကြည့်၍ရသော တိရိစ္ဆာန်ရုံမှ တိရိစ္ဆာန်များ ကဲ့သို့လဲ မဟုတ်ပေ။ လူကို ဖန်ဆင်းထားခြင်းသည် ဘုရားသခင်၌ အကြံအစည်နှင့် ရည်ရွယ်ချက် ရှိကြောင်း သိမြင်ရပေမည်။ လူတစ်ဦး စီတိုင်းသည် မတော်တဆ လူ့လောက ထဲသို့ ရောက်ရှိလာခြင်း မဟုတ်ဘဲ၊ ဘုရားရှင်ထံမှ လာသော ကောင်းကြီး မင်္ဂလာဖြင့် လူ့ဘဝ အသက်ရှင်ခြင်းအား အစပြုရခြင်းသာ ဖြစ် သည်။ ဟာလေလုယာ။ သခင့်၏ လက်ရာ တော်အား ချီးမွမ်း ကြ ပါစို့။

မိတ်ဆွေ လူကို ဖန်ဆင်းသော အရှင်အား သင်စိတ်ဝင်စားပြီ ဆိုပါက ထိုသခင်၏ မေတ္တာတော်အားလဲ သင်ဆက်လက်၍ လေ့လာမည်ဟု ယုံကြည်မျှော်လင့် လျက် ... ။ ။

ဘုရားသခင်၏ အကြံအစည်တော် အောက်၌ အသက်ရှင်နေသော ...

**ဆုးရှင့်စိမ်း** ( ဒေတ္တ ကမ္ဘာမြေ )

oooooooooooooooooooooooooooooooooooooooo



## သက်သေခံချက် ( ရတနာဦး )

ကျွန်မရဲ့ အဖေက ယုံကြည်သူ၊ အမေ ကတော့ မယုံကြည်သူ ဖြစ်ပါတယ်။ ကျွန်မ အမေရော အဖေရောဟာ **Strong** တွေဖြစ်ပါတယ်။ ဒါပေမဲ့လဲ ကျွန်မက ငယ်ငယ်ကတည်းက ပေါ့နော် အဲဒီလိုမျိုး ကြားထဲမှာ ကြီးပြင်းလာတဲ့အခါမှာ အဖေက ဘုရားကျောင်း သွားရင် ခေါ်သွားတယ်။ အဲဒီအခါမှာ ကျွန်မ ဘုရားသီချင်းတွေ ဆိုရတာ ကျွန်မ အရမ်းပျော်တယ်။ ဘုရားကျောင်းမှာ **Concert** တွေ လုပ်ရတဲ့ အခါမှာ ကျွန်မ ပါဝင်ခဲ့ရတယ်။ အရမ်း ပျော်ခဲ့တယ် ပေါ့နော် ကလေးဘဝ တုန်းက – ။

ကျွန်မ ကြီးလာတဲ့ အခါကျတော့ အဖေနဲ့ အမေနဲ့က ကျွန်မ ၈နှစ် လောက်မှာ သူတို့ **Divorce** လုပ်ပါတယ်။ ဆိုတော့ ကျွန်မ အမေနဲ့ နေခဲ့တဲ့အတွက် ကျွန်မရဲ့ ကျန်ရှိတဲ့ အသက်တာ တစ်လျှောက်လုံးဟာလဲ အမေနဲ့ ကြီးပြင်းခဲ့တယ်။ အမေနဲ့ ကြီးပြင်းခဲ့တဲ့ ကျွန်မဟာ ဗုဒ္ဓဘာသာ တရားကိုလဲ တော်တော် နားလည်ခဲ့ တယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေဟာ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်တယ်။ ပြီးတော့သူဟာ တကယ့် တကယ် **Strong buddist** ဖြစ်တဲ့အတွက် ကျွန်မကို အမြဲတမ်း ပုတီးစိပ်ခိုင်း၊ ဘုရားစာ အတင်းကျက်ခိုင်း၊ ပြီးရင် ကျွန်မ အမျိုးစုံ ပေါ့နော် ဘုရား သောက်တော်ရေတွေလဲ လဲပေးရပါတယ်။ အကုန်လုံး လုပ်ရတယ်။ ပြီးရင်လဲ မယ်သီလရှင် တစ်ခုဘဲ မဝတ်ခဲ့ရတာပါ။ ကျန်တာတော့ အကုန်လုံး လုပ်ရတယ်။ ကျွန်မ တော်တော်လေးနားလည်ခဲ့တယ်။

ဒါပေမဲ့ ကျွန်မ အရွယ် ရောက်လာတဲ့အခါ ကျွန်မ ပြန်ပြီးတော့ ချင့်ချိန် စဉ်းစားမိတဲ့ အခါမှာပေါ့နော်၊ ကျွန်မရဲ့ ကိုယ်ပိုင်အတွေးနဲ့ပေါ့နော်၊ ကျွန်မ စဉ်းစားပြီး တော့၊ အဖေကတော့ ကျွန်မ ဆယ်တန်းနှစ်မှာဘဲ ဆုံးသွားတယ်ပေါ့နော်။ **88** အရေး အခင်း မတိုင်ခင်မှာဘဲ ဆုံးသွားတယ်။ ဒါပေမဲ့ ကျွန်မ အဲဒီလိုပေါ့နော်၊ အဖေက ခရစ်ယာန်၊ အမေက ဗုဒ္ဓဘာသာ ဆိုပေမဲ့လဲ ကျွန်မ စိတ်ထဲမှာတော့ သူများက မေးရင် ဘာ ဘာသာ ကိုးကွယ်လဲ ဆိုရင် ကိုယ်က ဘာဖြေရမှန်း မသိဘူး။ ခရစ်ယာန်လို့လဲ

မပြောရဲဘူး၊ အမေက ရိုက်မှာ ကြောက်လို့။ ဗုဒ္ဓဘာသာလို့လဲ မပြောချင်ဘူး။ ဆိုတော့ အခု သမီးကို ဘုရားတွေ အများကြီး ဝိုင်းချစ်ရင် မကောင်းဘူးလားလို့ဘဲ ပြန်ပြန် ပြောတယ် ကျွန်မ နားမလည်ဘူးပေါ့နော်။ ဘုရားတွေ အများကြီး ကိုယ့်ကို ဝိုင်းချစ်ရင် ဒါကောင်းတာ လုပ်တာတစ်ခုလို့ဘဲ ကျွန်မ ခံယူတယ်။ ဒါပေမဲ့ ကျွန်မ ဆယ်တန်း အောင်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မ စဉ်းစားမိတာတစ်ခုကတော့ **ကျွန်မ ကိုးကွယ်တဲ့ ဘုရားသခင်က အသက်ရှင်တယ်။ ကမ္ဘာကြီးကို ဖန်ဆင်းတယ် ဆိုတာ ကမ္ဘာကြီး တစ်ခုလုံး သက်သေရှိနေတာဘဲ။** လူတွေ ကိုယ့်ဥာဏ်ကို အမှီပြုပြီးတော့ ဘာ့ကြောင့်များ ... ။ အဲလိုပေါ့နော် ကျွန်မ အတွေးတွေက တဖြေးဖြေး ပြောင်းလာခဲ့တယ်။



ပြောင်းလဲပြီးတဲ့ နောက်မှာ ကျွန်မ ဆုတောင်းတယ်။ ဘယ်လို ဆုတောင်း လဲဆိုတော့ ဒါစမ်းသပ်မှတ်မှု တစ်ခုပေါ့နော် ကျွန်မ အတွက်။ တကယ်ဘဲ ဘုရားသခင် ဟာ အသက်ရှိတယ် ဆိုလို့ရှိရင် သမီးရဲ့ ဆုတောင်းသံကို ကြားမှာဘဲ။ ကြားလို့ရှိရင် အဖြေပေးမှာဘဲ။ အဲဒီအတွက် အချိန်တစ်ခုအနေနဲ့ ယူပြီးတော့ ကျွန်မ ဆုတောင်းချက် တစ်ခုကို တောင်းတယ်။ အဲဒီတောင်းတဲ့ တောင်းပြီးတော့ ဘုရားရဲ့ အဖြေကို စောင့်နေတယ်နော်။ အဖြေကို စောင့်နေတဲ့အခါမှာ တကယ်ဘဲ အဲဒီအဖြေတစ်ခုဟာ ပြည့်တာကိုတွေ့ရပါတယ်။ အဲဒီ အခါမှာ နည်းနည်း ယုံတာပေါ့နော်။

ဘုရားသခင်ကို ယုံကြည်ပြီးတဲ့ နောက်ပိုင်းမှာ အမေ့ ရှေ့မှာလဲ ကျမ်းစာအုပ် ကို ချပြီးတော့ ဖတ်တယ်။ ဒါပေမဲ့ ကျမ်းစာ ကို အဲဒီလိုဘဲပေါ့။ ဖတ်တာ အပေါ်ယံဘဲ ဖတ်တာ၊ သိပ် နား မလည်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျမ်းစာအုပ် ဖတ်တဲ့အခါ မှာ ဆုတောင်းပြီးတော့ ဖတ်ရမယ်ဆိုတာ မသိဘူး။ ကျွန်မ ဒီလိုဘဲ ဖတ်ကြည့်တာလောက်ဘဲ ရှိတာပေါ့နော်။ နောက်ပိုင်း အခုနောက်ပိုင်းမှ ကျွန်မ သဘောပေါက်လာတာပေါ့နော်။ ကျမ်းစာအုပ် ဖတ်တဲ့ အခါမှာ ကျမ်းစာဟာ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော် ဖြစ်တယ်။ သူပြောပြ ချင်တဲ့ အကြောင်းအရာတွေ အားလုံးကို ကျွန်မတို့ မသိနိုင်ဘူး။ ကျွန်မတို့ ဥာဏ်ပညာကို အရင် တောင်းရမယ်။ ဒီကျမ်းစာ ကို ဖတ်ခြင်းအားဖြင့် ဘုရားသခင် ပြောချင်တဲ့ စကား တွေကို ကျွန်မတို့ ကြားပြီးတော့ နှလုံးသားထဲမှာ ခံယူနိုင်ဖို့ ... ။ အဲဒါကို ကျွန်မ အခုနောက်ပိုင်းမှ သိလာတာပါ။



ကျွန်မ အဲဒါနဲ့ ကျွန်မ ဆယ်တန်း အောင်ပြီးတဲ့ နောက် ပိုင်းမှာ ကျွန်မ အိမ်ထောင်ပြု လိုက်တယ်။ ကျွန်မ ၁၈နှစ် ပေါ့ နော်။ အိမ်ထောင်ပြုတဲ့ အချိန်မှာ။ အိမ်ထောင်ပြုတော့လဲ ကျွန်မ ယုံကြည် သူ တစ်ယောက်နဲ့ဘဲ အိမ်ထောင်ပြုပါတယ်။ ကိုစတီဗင် လို့ခေါ် တယ်။ ခရစ်ယာန်ပါဘဲ။ သူ့နဲ့ အိမ်ထောင်ပြုပြီး တော့ ကျွန်မ နှစ်ခြင်း ခံလိုက်တယ်။ နှစ်ခြင်းခံတာကို ကျွန်မ အမေ က လုံးဝ မကျေနပ်ဘူး အဲဒီ ကိစ္စကို – ။ ကျွန်မ ဘက်ကို လုံးဝ လှည့် မကြည့် ဘူးပေါ့နော်။ ဒါပေမဲ့ ကျွန်မ "ရတယ် ကိစ္စ မရှိဘူး"။ ကျွန်မ ဒီလိုဘဲ ကြိုးစားပြီးတော့ နေလာတဲ့အခါမှာ တဖြေးဖြေးနဲ့ ဘုရားသခင်က ကျွန်မတို့ကို ကောင်းကြီးပေးတယ်။ သမီးလေး တစ်ယောက် သားလေး တစ်ယောက် ရတယ်။

နောက်ပြီးတော့ ကျွန်မတို့ အိမ်ထောင်ရေးက ဟိုဟာ ပေါ့။ အောက်ခြေကနေ တဖြည်းဖြည်း ဘုရားသခင်က ကျွန်မ တို့ လိုချင်တဲ့ အခြေအနေနဲ့ အချိန်အခါဟာ သူ့လက်ထဲမှာဘဲ ရှိတယ်။ ကိုယ်ဖြစ်ချင်တဲ့ဟာ တစ်ခုဟာ ချက်ချင်းကြီး မဖြစ်လာဘူး။ ဒါပေမဲ့ လဲ အခြေအနေနဲ့ အချိန်အခါကို သူ ပေးထားတဲ့အတိုင်းဘဲ။ အချိန် ရောက်တဲ့အခါမှာ **Step by step** ဘုရားသခင်က လမ်း ဖွင့် ပြင်ဆင် ပေးတာကို တွေ့ရပါတယ်။ ဒီကားထဲမှာ ကျွန်မတို့ အတွက် စုံစမ်းခြင်းတွေ အဲဒီလိုမျိုးပေါ့နော်၊ စာမေးပွဲ မျိုးစုံကို ကြုံရ ပါတယ်။ ဒါတွေဟာလဲ နောက်ပိုင်းမှာ ဘုရားသခင်ရဲ့ ပြင်ဆင် ထားတဲ့ ကောင်းကြီးတွေက စောင့်နေတယ်။ အဲဒီ ကောင်းကြီး တွေကို မျှော်လင့်လျှက် ကျွန်မ ဒီ စုံစမ်းခြင်း အမျိုးစုံကို ဘုရားသခင် ဆီက ခွန်အားနဲ့ တဖြည်းဖြည်း ကျော်ဖြတ်သွားတယ်။ အဲဒါနဲ့ ကျွန်မတို့ အခုချိန်ထိ ဘုရားသခင် ပို့ဆောင်တယ်။ ဒီနေ့ ဒီအချိန်မှာတော့ ကျွန်မရဲ့ မိခင်အတွက် ကျွန်မ ဆုတောင်း ပေးနေတယ်။ သူဟာလဲ ကျွန်မကို အရင်ကလောက် ပြင်းပြင်း ထန်ထန် **Against** မလုပ်တော့ဘဲနဲ့။ ကျွန်မလဲ "အမေလို့ သမီး ခရစ်တော်ကို ယုံကြည်ပြီးတဲ့ နောက်ပိုင်းမှာ ဒါတွေဖြစ်လာတာ သက်သေဘဲ၊ ဘုရားသခင်ရဲ့ သက်သေတွေ အားလုံးဟာ ဒါတွေဘဲ" အမေ သမီး အပေါ်မှာ ...။ သူက ကျွန်မကို အရမ်းကို စိတ်ဆိုး တဲ့အတွက် အမျိုးစုံ ကျိန်ဆဲ တယ်။ "မင်းဟာ ဘာသာတရားကို ဒီလို လုပ်တယ်။ မင်းဟာ ဘယ်လိုဖြစ်မယ် ဘယ်ဝါဖြစ်မယ်" ဆိုပြီး ကျွန်မကို အမြဲတန်း ပြောတယ်။ ပြောတော့ ကျွန်မကလဲ တစ်ခါတစ်လေ အမေ့ဆီ ရောက်လို့ရှိရင် အမေ ဒီလို ဒီလို ပြန်ပြောတယ်။ အမေနဲ့ သမီးဆိုတော့ မနိုင်ဘူးပေါ့။ အမေ့ကိုတော့ အမြဲ အလျှော့ပေး ရတာပေါ့။ ကျွန်မ ပါးစပ်ပိတ် ပြီးတော့ ပြန်ပြန် လာရတယ်။ အဲဒါ ပါးစပ် မပိတ်ရင် နောက်နေ့ကျရင် အော်ဟစ်ပြီး ပြန်လာရတယ်။ ( ရယ်လျှက် ပြောသည်)။

အခု နောက်ပိုင်းမှာ ကျွန်မ အမေက တဖြည်းဖြည်း ပြောင်းလဲလာတယ်။ ပြောင်းလဲလာတော့ သူ့ရဲ့ မိရိုးဖလာ ဆိုတဲ့ အစွဲက မပျောက်သေးဘူး။ မပျောက်ပေမဲ့လဲ ကျွန်မရဲ့ အသက်ရှင်ပုံနဲ့ ကျွန်မရဲ့ နေထိုင်သွားလာပုံကို အပြုအမူ တွေကို ကြည့်ခြင်းအားဖြင့် သူဟာ တဖြေးဖြေးနဲ့တော့ သဘောပေါက် လာတယ်။ ဒါပေမဲ့ ဘုရားသခင် ပြင်ဆင်ပေးမှ သူပြောင်းလဲမှာပါ။ ဒီဟာအတွက် ကျွန်မတို့ ဘာမှ လုပ်လို့မရဘူး။ ကျွန်မတို့ တတ်နိုင် တာ ဘုရားသခင်ဆီမှာ ဆုတောင်းဖို့ဘဲ။ ကျန်တာ ဘုရားသခင် ရဲ့ အပိုင်း။ ဘုရားသခင် အချိန်တန်တဲ့ အခါမှာ သူ ပြင်ဆင် လာပေးလိမ့်မယ် လို့ ကျွန်မ ယုံကြည်တယ်။ ဒါကြောင့် ကျွန်မ မိခင် အခုအချိန်မှာ မပြောင်းလဲ သေးပေမဲ့ တစ်နေ့နေ့မှာ သူပြောင်းလဲလာရလိမ့်မယ်။ ဘုရားသခင်ကို အသက်ရှင်တဲ့ ဘုရားကို ယုံကြည် လာရ မယ်လို့ ကျွန်မ လုံးဝ ယုံကြည် ထားပါတယ်။

ပြီးတော့ ကျွန်မတို့ ခရစ်ယာန် ညီအစ်ကို မောင်နှမတွေ အားလုံးဟာ ဘယ်လိုဘဲ ဂိုဏ်းဂန ကွဲနေပါစေ။ ဘယ်လိုဘဲ လူမျိုးတွေ ကွဲနေပါစေ၊ ဘုရားသခင်ရဲ့ အထဲမှာတော့ အကုန်လုံးဟာ ကိုယ်အင်္ဂါ အချင်းချင်းတွေ ဖြစ် တယ်။ ဘုရားသခင်က တစ်လုံးတစ်ဝ တည်း ဖြစ်စေရမယ်လို့ သူ့ နှုတ်ကပါတ်တော်မှာ ပြောထားပါတယ်။

**ရတနာဦး ( စတီရီယို တေးသံရှင်)**

**စာကြွင်း ။** ။ စင်ကာပူတွင် ခေတ္တ ရောက်ရှိနေသော စတီရီယိုတေးသံရှင် ရတနာဦး အား **Lions Home ( Bedok , Singapore)** မှ မြန်မာတိုင်းရင်းသား ဝန်ထမ်းများက ၁၅–၀၇–၂၀၀၆ နေ့တွင် မိမိတို့၏ နေရာသို့ လာရောက် သီဆိုဖျော်ဖြေ ခွန်အားပေးရန် တောင်းဆိုသောကြောင့် ရတနာဦး မှ သွားရောက် ဖျော်ဖြေခဲ့ပါသည်။ ထိုအစီအစဉ်တွင် ရတနာဦးမှ **Give thanks**၊ တစ်လုံးတစ်ဝတည်း၊ လမ်းနှစ်သွယ်၊ တဲအိမ်ရွှေနန်း သီချင်းများနှင့် မိမိ၏ ကိုယ်တွေ့ဘဝ ကို သက်သေခံ ပြောကြားသွား ပါသည်။ သက်သေခံချက်အား စာရေးသူမှ ကက်ဆက် ဖြင့် အသံသွင်းယူထားပြီး **သခင့်စကား** စာပေပရိတ်သတ် ဖတ်ရှုခွန်အားယူနိုင်ရန် ပြန်လည် ရေးသား ပုံနှိပ်ခွင့် တောင်းခံရာ ရတနာဦး မှ ကြည်ဖြူစွာ ခွင့်ပြုခဲ့သောကြောင့် ရတနာဦး၏ သက်သေခံ ချက်အား ပြင်ဆင်တည်းဖြတ်ခြင်း မပြုဘဲ သူ၏ မူရင်းစကားပြောဟန်အတိုင်း တိုက်ရိုက် ကူးယူ ရေးချ၍ ဖော်ပြလိုက်ပါသည်။ ( မင်းအောင်သက်လွင်)

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

(( မည်သူမဆို စာမူများ ရေးသား ပေးပို့ နိုင်ပါသည် ။

နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂနနှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ ))

**Min Aung Thet Lwin ,**

**Blk 76A #30-02 Red Hill Road, S'pore 151076.**

**E-mail ; min_atl@yahoo.com.sg Phone; (65) 81222320**